Medicine

## OU ဆေးကုသမှုစနစ်

## ရိုးရှိုးဘာသာစကားအကျဉ်းချုပ်ဖြင့် ဆေးရုံငွေကြေးဆိုင်ရာကူညီထောက်ပံ့မှု ပေါ်လစီများ

OU Medicine, Inc. (OU Medicinne) သည် အရည်အချင်းပြည့်မီသောလူနာ များအား အရေးပေါ်အတွက်နှင့် ဆေးကုသမှုဆိုင်ရာ စောင့်ရှောက်မှုလိုအပ်ချက်အတွက် ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုများကို ကမ်းလှမ်းပေးပါသည်။

ဖြစ်ရပ်အများစုတွင် ပြည်ထောင်စုစိုးရ၏သတ်မှတ်ထားသော ဆင်းရဲမှု လမ်းညွှန်ချက်များထက် 200% ဝင်ငွေနည်းသည့် လူနာများသည် မိမိတို့၏ဆေးရုံဝန်ဆောင်မှုအတွက် 100% လျှော့စျေးတွင် အရည်အသွေး ပြည့်မီပါလိမ့်မည်။ ပြည်ထောင်စုစိုးရ၏သတ်မှတ်ထားသော ဆင်းရဲမှု လမ်းညွှန်ချက်များ၏အထက်၌ ကျော်လွန်သောသည့် လူနာများသည်လည်း မိမိတို့၏အကောင့် လက်ကျန်ငွေသည် မိမိတို့၏ ပေးဆောင်ရမည့် ပေးချေမှုများထက် ပိုလွန်ပါက အရည်အချင်းပြည့်မီနိုင်ပါသည်။

ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုအတွက် အရည်အချင်းပြည့်မီနိုင်ရန် ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုလျှောက်လွှာကို OU Medicine မှ ဖြည့်စွက်စေလိုပါသည်။ ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုနှင့်ပတ်သက်သည့် အချက်အလက်များကို ကျသင့်ငွေတောင်းခံလွှာ ထုတ်ပြန်ချက်များထဲတွင် ပါဝင်ပါလိမ့်မည်။

ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုလျှောက်လွှာ၊ ငွေကြေးဆိုင်ရာကူညီ ထောက်ပံ့မှုပေါ်လစီ၊ နှင့် ရိုးရှိုးဘာသာစကားဖြင့်အကျဉ်းချုပ် အပြင် အချက်အလက်များ နှင့် ကူညီထောက်ပံ့မှုများ၏ မိတ္တူများကို အခမဲ့ဖြင့် အောက်ပါ၌ ရရှိနိုင်ပါသည် -

- လူကိုယ်တိုင်ဖြင့် OU Medicine ပံ့ပိုးမှုအဆောက်အအုံများအားလုံး၌
- အွန်လိုင်းမှတစ်ဆင www.oumedicine.com
- ဖုန်းအားဖြင့် 1-866-656-8715 ၌
- စာတိုက်အားဖြင့် OU Medicine အသုံးပြုသူ ဝန်ဆောင်မှု (Customer Service)၊ 711 Stanton L. Young Blvd., Suite 100, Oklahoma City, OK 73104

ဤပေါ်လစီများသည် ယေဘုယျအားဖြင့် ဆေးရုံဝန်ဆောင်မှုများနှင့်သာလျှင် သက်ဆိုင်သည်။ ဆရာဝန်များအများစုမှာ ဆေးရုံမှ ခန့်အပ်ထားသည်မဟုတ်သောကြောင့် ကျသင့်ငွေများကို သီးသန့်ခွဲထားပါမည်။ အကျုံးဝင်လွှမ်းခြုံမှုပေးသည့်ဆရာဝန်များနှင့် လွှမ်းခြုံမှုမပေးသည့် ဆရာဝန်များ၏ ဆက်စပ်သောစာရင်း အချက်အလက်များကို ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုပေါ်လစီ၏ နောက်ဆက်တွဲ A ထဲတွင် တွေ့ရှိနိုင်ပါသည်။

ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုလျှောက်လွှာ၊ ငွေကြေးဆိုင်ရာကူညီ ထောက်ပံ့မှုပေါ်လစီ၊ နှင့် ရိုးရှိုးဘာသာစကားဖြင့်အကျဉ်းချုပ် များကို ဘာသာစကားဆယ်မျိုးဖြင့် ရရှိနိုင်ပါသည် -အာရဗီ၊ မြန်မာ၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ကိုးရီးယား၊ စပိန်၊ ဗီယက်နမ် နှင့် ဖိုမီး ဘာသာစကားတို့ဖြစ်ပါသည်။

ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှုအတွက် လျှောက်တင်ရန် လူနာများအားလုံးသည် ပထမဆုံးသော ကျသင့်ငွေထုတ်ပြန်ချက် ထုတ်သည့်အချိန်မှစပြီး ရက်ပေါင်း 240 ရက် အချိန်ရပါသည်။ ကျသင့်ငွေ၏ပေးချေမှုများကိုရရှိရန် အပါအဝင်၊ ခရစ်ဒ်အေဂျင်စီများ သို့မဟုတ် ခရစ်ဒစ်အဖွဲ့အစည်းများသို့ တင်ပြခြင်း၊ နှင့်/သို့မဟုတ် ကြွေးတင်ထားသည့်ပမာဏအတွက် ပြည်သူ့တရားရေးရာ တောင်းခံခြင်း စသည်တို့တွင် ကန့်သတ်ထားခြင်းမရှိဘဲ သေချာသောဆောင် ရွက်ချက်များကို စတင်ပြုလုပ်နိုင်သည်ကို ကျေးဇူးပြု၍ မှတ်ချက်ချပါ။ အကယ်၍ လျှောက်လွှာအား ပထမဆုံးသော ကျသင့်ငွေထုတ်ပြန်ချက် ထုတ်သည့်အချိန်မှစပြီး ရက်ပေါင်း 240 ရက် မတိုင်မီ လက်ခံရရှိခဲ့မည်ဆိုလျှင် အဆိုပါ ဆောင်ရွက်ချက်များကို ယာယီရပ်တန့်ခြင်းသာပြုလုပ်မည်ဖြစ်ပြီး၊ ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှု အတွက်အတည်ပြုပေးခဲ့ပါက ထိုဆောင်ရွက်ချက်များအားလုံးကို တစ်ခုလုံး ပယ်ဖျက်ပြီးအသစ်ချမှတ်ပါမည်။

အကယ်၍ သင်သည် ငွေကြေးဆိုင်ရာကူညီထောက်ပံ့မှု အတွက် အရည်အချင်းပြည့်မီခဲ့ပါက အရေးပေါ်အတွက် ကျသင့်သည့်ပမာဏ သို့မဟုတ် အခြားသော ဆေးကုသမှုဆိုင်ရာစောင့်ရှောက်မှုလိုအပ်ချက်သည် လူနာများသို့ ယေဘုယျအားဖြင့်ကျသင့်သောငွေပမာဏများထက် မကျော်လွန်ပါ OU Medicine သည် Medicare စံနှုန်းများအပေါ်အခြေပြုပြီး ဖြစ်နိုင်သော နည်းလမ်းကိုအသုံးပြုကာ ယေဘုယျအားဖြင့် ကျသင့်သောငွေပမာဏများကို တွက်ချက်မှုပြုပါသည်။